HUMAN RIGHTS WATCH

# “ကျွန်ုပ်တို့ အရေးအတွက် လျော့နည်းနေပြီ”

## မြန်မာစစ်တပ်မှ အာဏာသိမ်းပြီးနောက်ပိုင်း ရှေ့နေထုအား ဖြိုခွင်းခြင်း

# အကျဉ်းချုပ်

> တရားရုံးမှာ အမှန်အတိုင်းပြောရမှာထက် ကိုယ်တိုင် အဖမ်းခံရမှာကို ပိုစိုးရိမ်နေရတယ်။ အထူးသဖြင့် နိုင်ငံရေးအမှုတွေကို ကိုယ်စားပြုရတဲ့အခါမှာပေါ့။ တရားရုံးမှာရှိတဲ့လူတိုင်းက ကျနော်ဘယ်သူလဲဆိုတာ သိတယ်၊ ပြီးတော့ ကျနော့်ရဲ့ အထောက်အထားတွေနဲ့ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေ အားလုံး တရားရုံးမှာ ရှိတယ်။ SAC [စစ်ကောင်စီ] ကလည်း ကျနော့်ကို အချိန်မရွေး ဖမ်းဆီးလိုက်နိုင်တယ်၊ ကျနော့်ကို ဖမ်းဖို့ သူတို့ အကြောင်းပြချက်တွေ လုပ်ကြံဖန်တီးမှာပဲ။
>
> — ရန်ကုန်အခြေစိုက် ရှေ့နေ၊ အောက်တိုဘာ ၁၁၊ ၂၀၂၂။

၂၀၂၁၊ ဖေဖော်ဝါရီ ၁ ရက် စစ်တပ်အာဏာသိမ်းပြီးကတည်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (State Administration Council, SAC) စစ်ကောင်စီသည် အာဏာသိမ်းဆန့်ကျင်ရေး တက်ကြွလှုပ်ရှားသူများနှင့် ဝေဖန်သူ ထောင်ပေါင်းများစွာကို အစုလိုက်အပြုံလိုက် ဖမ်းဆီးခဲ့ပြီး နိုင်ငံတကာစံနှုန်းများနှင့် မကိုက်ညီသော အကျဉ်းရုံးအမှုစစ်ဆေးခြင်းများပြုလုပ်ကာ တရားစွဲဆိုခဲ့သည်။ တရားမဝင် ပြစ်ဒဏ်ချမှတ်ခံရသူများတွင် ဆန္ဒပြသူများ၊ ဂျာနယ်လစ်များ၊ လူ့အခွင့်အရေး ကာကွယ်သူများနှင့် ဖြုတ်ချခံရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နိုင်ငံရေးသမားများ ပါဝင်သည်။

စစ်ကောင်စီမှ ပြင်းပြင်းထန်ထန် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများတွင် လွတ်လပ်ခွင့် တင်းတင်းကြပ်ကြပ် ကန့်သတ်ခံရခြင်းအပြင် လူသတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ အတင်းအဓမ္မ ဖမ်းဆီးဖျောက်ဖျက်မှုနှင့် ဆင်းရဲဒုက္ခ အကြီးအကျယ်ကျရောက်စေသော အခြားလူမဆန်သည့်လုပ်ရပ်များ ပါဝင်သည်။ အဆိုပါလုပ်ရပ်များမှာ နိုင်ငံတဝှမ်း စနစ်တကျစီစဉ် တိုက်ခိုက်ခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး လူသားမျိုးနွယ်အပေါ် ရာဇဝတ်မှုများ ကျူးလွန်ရာရောက်သည်။

ထိုကဲ့သို့ အကြမ်းဖက်မှုများနှင့်ရင်ဆိုင်နေရသည့်ကြားမှ ဖမ်းဆီးခံရသူများကို ကိုယ်စားပြုရန်၊ တရားဥပဒေကြောင်းအရ ခုခံကာကွယ်ပေးရန် ဒါဇင်နှင့်ချီသော ရှေ့နေများမှ ကြိုးပမ်းခဲ့ကြသည်။ ထိုသို့ကြိုးစားသည့်အကြိမ်တိုင်းတွင် သူတို့၏အလုပ်ကို ခြိမ်းခြောက်နေသည့် စစ်အာဏာပိုင်များမှ စနစ်တကျဖန်တီးထားသော အတားအဆီးများနှင့် ရင်ဆိုင်ကြရသည်။ ပို၍ဆိုးရွားသည်မှာ ထိုရှေ့နေများကိုယ်တိုင်မှာ ခြိမ်းခြောက်မှု၊ မတရားဖမ်းဆီးခံရမှု၊ ထိန်းသိမ်းခံရမှု၊ တရားစွဲဆိုခံရမှုများကို ရင်ဆိုင်နေရပြီး အချို့အခြေအနေများတွင် နှိပ်စက်ညှဉ်းပန်းခံရသည့်အပြင် အခြားလူမဆန်သည့် ရက်စက်မှုများနှင့် ကြုံတွေ့ကြရသည်။

နိုင်ငံရေးအရထိရှလွယ်သည့်အမှုများကို အမြန်ပြစ်ဒဏ်ချမှတ်နိုင်ရန် အကျဉ်းထောင်များအတွင်း အပြင်လူတက်ရောက်ခွင့်မရှိသော “အထူးတရားရုံးများ” ကို စစ်ကောင်စီမှ ဖန်တီးထားသည်မှာ သိသာလှသည်။ ထို့ကြောင့် အာဏာသိမ်းမတိုင်ခင် မြို့နယ်နှင့် ခရိုင်အဆင့် ပုံမှန်ရာဇဝတ်မှုတရားရုံးများတွင် ကြားနာရမည့်

အမှုအများအပြားမှာ ယခုအခါ စစ်ကောင်စီထိန်းချုပ်ထားသော အထူးတရားရုံးများ၏ စီရင်ပိုင်ခွင့်အောက်သို့ ရောက်သွားသည်။

စစ်တပ်အာဏာပိုင်များမှ အထူးတရားရုံးများတွင် တရားရုံးကြားနာခြင်းများမတိုင်ခင် ရှေ့နေများနှင့် အမှုသည်များကို သီးသန့်ပြောဆိုဆွေးနွေးရန် တားမြစ်ထားပြီး အခြားကန့်သတ်ချက်များစွာကိုလည်း ချမှတ်ထားသည်။ ရှေ့နေတာဝန်လုပ်ဆောင်ခြင်းကို စစ်ကောင်စီအရာရှိများမှ မကြာခဏ ပိတ်ပင်တားမြစ်လေ့ရှိသည်။ ထို့အပြင် သံသယရှိသူများ၏အခွင့်အရေးများဖြစ်သော သတ်မှတ်ထားသည့် တရားရုံးလုပ်ထုံးလုပ်နည်းနှင့် တရားမျှတသောစစ်ဆေးမှု ရရှိရေးကိုလည်း စစ်ကောင်စီအရာရှိများမှ ငြင်းပယ်လေ့ရှိကြောင်း ရှေ့နေများမှ ပြောကြားခဲ့သည်။

စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ထားသည့် မြို့နယ် ၄၇ ခုတွင် အရပ်သားတရားခံများနှင့်ပတ်သက်သည့် ရာဇဝတ်မှုများကို စစ်ခုံရုံးများမှ စီရင်ဆုံးဖြတ်သည်။ စစ်ခုံရုံးများမှာ ပုံမှန်အားဖြင့် အကျဉ်းထောင်များအတွင်း စီရင်ချက်ချလေ့ရှိသည်။ သံသယရှိသူများမှာ ရှေ့နေငှားခွင့်မရ၊ အမှုစစ်ဆေးခြင်းများမှာလည်း အကျဉ်းရုံးသာဖြစ်ပြီး ချမှတ်ခံရသည့် ပြစ်ဒဏ်များမှာ ကွဲပြားမှုမရှိပေ၊ တခါတရံ ကြီးလေးသောပြစ်ဒဏ်များ ချမှတ်ခံရလေ့ရှိသည်။

အထူးတရားရုံးများတွင် အမှုစစ်ဆေးခြင်းများမှာ စည်းမဲ့ကမ်းမဲ့၊ ဖရိုဖရဲဖြစ်နေကြောင်း၊ တရားခံရာပေါင်းများစွာကို ကိုယ်စားပြုသည့်ရှေ့နေ အနည်းငယ်သာရှိကြောင်း ရှေ့နေများမှ လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့ (Human Right Watch, HRW) သို့

ပြောကြားခဲ့သည်။ စစ်ကောင်စီအာဏာပိုင်များမှ ရှေ့နေများကို ခြိမ်းခြောက်ခြင်းနှင့် နှောင့်ယှက်ခြင်းများ ထိထိရောက်ရောက် ပြုလုပ်နိုင်ခဲ့သောကြောင့် ရှေ့နေအနည်းငယ်သာ နောက်ထပ် စောင့်ကြည့်ခံရခြင်းနှင့် ခြိမ်းခြောက်ခံရခြင်းအန္တရာယ်ကို ရင်ဆိုင်လိုစိတ်ရှိကြသည်၊ အများစုမှာ အမှုလိုက်ဖို့ ငြင်းဆန်ကြသည်။

အာဏာသိမ်းပြီးနောက် စစ်ကောင်စီမှ ဥပဒေအများအပြားကို ပြန်လည်ပြင်ဆင်လိုက်သောကြောင့် ရှေ့နေများအတွက် စနစ်တကျဖန်တီးထားသည့် အတားအဆီးများ ထပ်တိုးလာခဲ့သည်။ ပြည်သူများတက်ရောက်ခွင့်မရှိသော တရားရုံးစစ်ဆေးမှုများတွင် ရာဇဝတ်မှုအသစ်များဖြင့် စွဲချက်တင်ခံထားရသည့် အမှုသည်များကို ကိုယ်စားပြုရန် ထိုဥပဒေအသစ်များမှ ရှေ့နေများကို ဖိအားပေးနေသည်။ ဤကဲ့သို့ ဥပဒေများပြုပြင်ပြောင်းလဲခြင်းကြောင့် မြန်မာ၏ နည်းပါးသော လူ့အခွင့်အရေးအကာအကွယ်ကို ထပ်မံလျော့ပါးသွားစေသည်။ ဆန္ဒပြသောကြောင့် တရားရင်ဆိုင်နေရသည့် ဖမ်းဆီးထိန်းသိမ်းခံရသူအများစုကို ပြင်ဆင်ထားသည့် ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် တရားစွဲဆိုထားသည်။ ထိုပုဒ်မအရ အာဏာသိမ်းခြင်း သို့မဟုတ် အာဏာသိမ်း စစ်ကောင်စီ (SAC) ၏တရားဝင်မှုကို မေးခွန်းထုတ်သည့် မှတ်ချက်များ သို့မဟုတ် လုပ်ရပ်များကို  ရာဇဝတ်မှုမြောက်သည်ဟု သတ်မှတ်ပြီး ထောင်ဒဏ်သုံးနှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်သည်။

စစ်ကောင်စီမှ ရာဇဝတ်မှုဖြင့် အစွပ်စွဲခံရသူ၏ရှေ့နေများကို ပိုမိုပစ်မှတ်ထားဖမ်းဆီးလာခဲ့သည်။ ရှေ့နေအချို့မှာ ဖမ်းဆီးထိန်းသိမ်းခံရစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လူမဆန်စွာ ဆက်ဆံမှုနှင့် ညှဉ်းပန်းနှိပ်စက်မှုများ ခံနေကြရသည်။

ရှေ့နေများမှာ ထောင်များအတွင်းရှိ အထူးတရားရုံးများတွင် အမှုလိုက်ပြီးအပြန်တွင် အာဏာပိုင်များ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ရာထူးမှဖယ်ရှားခံရသော NLD ဝန်ကြီးချုပ် ဦးဇော်မြင့်မောင်ကို ကိုယ်စားပြုသည့် အကြီးတန်းတရားလွှတ်တော်ရှေ့နေ ဒေါ်ရွက်နုအောင်မှာ အိုးဘိုထောင် ကြားနာစစ်ဆေးမှုအပြီး အိမ်အပြန် ၂၀၂၂၊ ဧပြီလ၊ မန္တလေးမြို့တွင် ရဲတပ်ဖွဲ့၏ ဖမ်းဆီးခြင်း ခံခဲ့ရသည်။

၂၀၂၂၊ ဒီဇင်ဘာတွင် အထူးတရားရုံးမှ ဒေါ်ရွက်နုအောင်အား စစ်ကောင်စီ ပြင်ဆင်ထားသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၅ နှစ် ချမှတ်ခဲ့သည်။ စစ်ကောင်စီဆန့်ကျင်ရေး ပြည်သူ့တပ်ဖွဲ့များကို ငွေကြေးကူညီထောက်ပံ့သည်ဟု စွပ်စွဲခံခဲ့ရသည်။ ထိုကဲ့သို့ လုပ်ကြံစွဲဆိုခြင်းမှာ ဒေါ်ရွက်နုအောင်မှ NLD အစိုးရအကြီးတန်းအရာရှိများအား ခုခံကာကွယ်ပေးနေခြင်းကို ဟန့်တားရန် ရည်ရွယ်သည်ဟု သူမ၏လုပ်ဖော်ကိုင်ဖက်များက ယူဆကြသည်။

အနည်းဆုံး ရှေ့နေ ၃၂ ဦးမှာ တရားဝင်အမှုကြားနာခြင်းမရှိသေးဘဲ ချုပ်နှောင်ခံထားရဆဲ သို့မဟုတ် ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က အပါအဝင် ဥပဒေအမျိုးမျိုးဖြင့် ပြစ်ဒဏ်ကျခံနေရဆဲဖြစ်သည်ဟု နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (Assistance Association for Political Prisoners, AAPP)မှ ၂၀၂၃၊ ဧပြီတွင် ထုတ်ပြန်ခဲ့သည်။ ပုဒ်မ ၅၀၅-ကတွင် စစ်ကောင်စီအပေါ် ဝေဖန်ချက်များကို တားမြစ်ထားပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ မတရားအသင်းများအက်ဥပဒေနှင့် ကိုလိုနီခေတ် ပေါက်ကွဲစေတတ်သောပစ္စည်းများအက်ဥပဒေများတွင် လိုအပ်ချက်များကို ပြင်ဆင်ထည့်သွင်းထားသည်။ အာဏာသိမ်းပြီးနောက်ပိုင်း ထိန်းသိမ်းခံထားရသည့်

ရှေ့နေများ၏ အမှန်တကယ်အရေအတွက်မှာ ပိုမိုများနိုင်သည်၊ သို့သော် AAPP၏အစီရင်ခံစာအရ မှတ်တမ်းပါ စွဲချက်တင်သည့်နည်းလမ်းများကြောင့် အမှန်တကယ်အကျဉ်းကျခံရသူ အရေအတွက်ကို အတိအကျသိရန် ခက်ခဲသည်။

ရဲများမှ မျက်လုံးအဝတ်နှင့်စည်း၊ ပုံစံထိုင် ထိုင်ခိုင်းထားပြီး စစ်ကြောရေးအတွင်း အစားအစာနှင့်ရေ မပေးဘဲ ဖြတ်တောက်ခဲ့သည်ဟု အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာပြီးစ ရှေ့နေတစ်ယောက်မှ HRW ကို ပြောပြခဲ့သည်။

တရားဝင်အမှုကြားနာခြင်းမတိုင်မီ ထိန်းသိမ်းထားစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ရိုက်နှက်မှုဒဏ်ကြောင့် လက်မောင်းနှင့် ခြေထောက်ကျိုးသွားကာ ဝမ်းဗိုက်ထဲသို့ အစာပြွန်ထည့်ထားကြောင်း မန္တလေးတိုင်းဒေသကြီး တရားရုံးချုပ်ရှေ့နေ ဦးတင်ဝင်းအောင်၏ အခြေအနေကို သိသူများမှ ပြောသည်။ ဦးတင်ဝင်းအောင်၏အမှုကို သိသူရှေ့နေတစ်ဦးမှ "မန္တလေးက ကျနော့် လုပ်ဖော်ကိုင်ဖက်တွေ နှိပ်စက်ခံရတယ်။ ဦးတင်ဝင်းအောင်ကတော့ တော်တော်လေး ပြင်းပြင်းထန်ထန် အရိုက်ခံရတာ၊ သူတို့က သူ့ညိုသကျည်းတွေနဲ့ ခြေထောက်တွေအပေါ်ကနေ တော်တော်လေးတဲ့သစ်လုံးနဲ့ အကြိမ်ကြိမ်လှိမ့်ကြတာ။ တခြားအကျဉ်းသားတွေဆီကလည်း သတင်းတွေ အကုန်ရထားတယ်။ လူတိုင်းက သူ့ကို သေတွင်းနှုတ်ခမ်းဝရောက်နေပြီလို့တောင် ထင်နေကြတာ။"

ပါလီမန်အမတ်ဟောင်းများ၊ ရာထူးမှဖယ်ရှားခံရသော အစိုးရအရာရှိများနှင့် စစ်ကောင်စီဆန့်ကျင်ရေး တက်ကြွလှုပ်ရှားသူများအပါအဝင် ဖမ်းဆီးထိန်းသိမ်းခံရသူ

နိုင်ငံရေးသမားများကို ကိုယ်စားပြုသည့် အစွပ်စွဲခံရသူ၏ရှေ့နေများအား ခြိမ်းခြောက်နှောင့်ယှက်မှုပုံစံမှာ သိသိသာသာ ထင်ရှားလာသည်ကို HRW မှ တွေ့ရှိခဲ့သည်။ စစ်ကောင်စီအာဏာပိုင်များ၏ ခြိမ်းခြောက်ခြင်းနှင့် စောင့်ကြည့်ခြင်းများကို ကြုံတွေ့ခဲ့ရသည်ဟု HRW မှ မေးမြန်းခဲ့သော အစွပ်စွဲခံရသူ၏ရှေ့နေ ၁၉ ယောက်စလုံးမှ အတည်ပြုသည်။ ပုန်ကန်မှု၊ လှုံ့ဆော်မှု၊ သို့မဟုတ် အကြမ်းဖက်မှုဖြင့် စွဲချက်တင်ခံရသော တက်ကြွလှုပ်ရှားသူများကို ကိုယ်စားပြုသောကြောင့် အာဏာပိုင်များမှ ရှေ့နေများကို လက်စားချေရန် ပစ်မှတ်ထားခဲ့ပုံရသည်။

ဖမ်းဆီးထိန်းသိမ်းခံရသည့် ရှေ့နေအများအပြားမှာ လက်ရှိတွင် ပုဒ်မ ၅၀၅-ကဖြင့် စွဲချက်တင်ခံထားရသော်လည်း စစ်ကောင်စီ ပြန်လည်ပြင်ဆင်လိုက်သည့် ဥပဒေအမျိုးမျိုးဖြင့် စွဲချက်များစွာကို ထပ်မံရင်ဆိုင်ရနိုင်ဖွယ်ရှိသည်။ စစ်ကောင်စီမှ မိုဘိုင်းအင်တာနက်ဒေတာကို တခါတရံ ဖြတ်တောက်ထားပြီး အရေးပေါ်အခြေအနေများ တိုးချဲ့သည့်အပြင် စစ်အုပ်ချုပ်ရေးသတ်မှတ်ထားသည့် နယ်မြေများကိုလည်း ချဲ့ထွင်ကာ လှုပ်ရှားမှုကို ကန့်သတ်ထားခဲ့သည်။

ရာဇဝတ်မှုတရားစီရင်ရေးစနစ်မှာ ဖရိုဖရဲဖြစ်နေပြီး စစ်ကောင်စီဖန်တီးထားသော အခြေအနေများအောက်တွင် အလုပ်လုပ်လိုသော သို့မဟုတ် အလုပ်လုပ်နိုင်သည့် ရှေ့နေအရေအတွက်မှာ လျော့နည်းလာနေသည်ဟု ရှေ့နေများက ဆိုသည်။

အမှုသည်များအား ဆက်သွယ်နိုင်ရန်နှင့် ဥပဒေကြောင်းအရ ကာကွယ်ပေးနိုင်ရန် ရှေ့နေများ၏ကြိုးပမ်းမှုကို စစ်ကောင်စီမှ နှောင့်ယှက်သည့်အပြင် ရှေ့နေလိုက်ခြင်းကြောင့်

ရှေ့နေများအား ဖမ်းဆီးတရားစွဲဆိုခဲ့သည်။ ရှေ့နေများ၏လူ့အခွင့်အရေးများနှင့် ထောင်ပေါင်းများစွာသော တရားခံများ၏ ဥပဒေအကြံဉာဏ်ရရှိခွင့်များကို စစ်ကောင်စီမှ ချိုးဖောက်နေသည်။ တရားရုံးများတွင် အခွင့်အရေးတန်းတူညီတူရရှိမှုနှင့် တရားမျှတသောစစ်ဆေးမှုအခွင့်အရေး ရရှိမှုနှင့်ပတ်သက်ပြီး “(နိုင်ငံတွင်) ဥပဒေအကူအညီ ရှိမှု၊ မရှိမှုကို လူတစ်ယောက်သည် အဓိပ္ပါယ်ရှိသောနည်းလမ်းဖြင့် သင့်လျော်သောတရားရုံးစစ်ဆေးမှုများ ရရှိခွင့် သို့မဟုတ် ထိုစစ်ဆေးမှုများတွင်ပါဝင်ခွင့် ရခြင်း မရခြင်းဖြင့် ဆုံးဖြတ်သည်” ဟု ၂၀၀၇ ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီ (UN)မှ မှတ်ချက်ပေးထားသည်။

နိုင်ငံတကာတရားစီရင်ရေးစံနှုန်းများနှင့် မကိုက်ညီသော ရာဇဝတ်မှုဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်လုပ်ဆောင်ခြင်းနှင့် လွတ်လပ်သော တရားစီရင်ရေးမဏ္ဍိုင်ကို ဖျက်သိမ်းခြင်းအပြင် ရှေ့နေများအပေါ် တိုက်ခိုက်ခြင်းများကြောင့် မြန်မာနိုင်ငံရှိလူတိုင်းအား ဥပဒေလွှမ်းခြုံသော တရားမျှတသည့်စစ်ဆေးမှုနှင့် တန်းတူညီမျှသည့်အကာအကွယ်ရရှိခွင့်ကို စစ်ကောင်စီမှ နင်းချေလိုက်သည်။

မြန်မာနိုင်ငံ၏ အလွန်အမင်းဆိုးရွားသော လူ့အခွင့်အရေးပြဿနာများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ နိုင်ငံခြားအစိုးရများနှင့် ဒေသတွင်းအခြေစိုက် အဖွဲ့အစည်းများအနေဖြင့် နှိပ်စက်ညှင်းပန်းမှုများတွင် ပါဝင်ပတ်သက်နေသော စစ်ကောင်စီအဖွဲ့ဝင်များနှင့် စစ်တပ်နှင့်ဆက်စပ်သည့် ကုမ္ပဏီများအပေါ် ပစ်မှတ်ထားအရေးယူပိတ်ဆို့မှုများအပြင် စစ်ကောင်စီအား အရေးယူမှုအများအပြား လုပ်ဆောင်သင့်သည်။ မြန်မာအား အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုခုံရုံး (International Criminal Court, ICC) သို့

လွှဲပြောင်းရေး၊ လက်နက်နှင့် လူသေစေနိုင်သည့် အထောက်အပံ့များတင်ပို့မှုကို တားဆီးရေးတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ (United Nations Security Council, UNSC) ၏အရေးယူဆောင်ရွက်ချက်များကို အဆိုပါအစိုးရများအနေဖြင့် အားပေးကူညီသင့်သည်။ စိုးရိမ်သည့်အစိုးရများအနေဖြင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးကြိုးပမ်းရာတွင် ရှေ့နေများရင်ဆိုင်နေရသော ထိပါးနှောင့်ယှက်မှုများနှင့် အကျဉ်းချမှုများကို လူအများသိရှိလာအောင် တိုးမြှင့်လုပ်ဆောင်သင့်ပြီး စစ်ကောင်စီ၏ညှဉ်းပန်းနှိပ်စက်မှုများနှင့်ပတ်သက်ပြီး ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းကြောင့် နှစ်ပေါင်းများစွာ အကျဉ်းကျခံထားရသူများအပေါ် ရှေ့နေများ၏ကာကွယ်ပေးနိုင်စွမ်း မြင့်မားလာအောင် လုပ်ဆောင်သင့်သည်။

# အကြံပြုချက်များ

မြန်မာစစ်ကောင်စီသို့ -

•အရပ်သား ဒီမိုကရေစီအုပ်ချုပ်ရေးကို အရေးတကြီး ပြန်လည်ထူထောင်ရန်။

•အထူးတရားရုံးများနှင့် စစ်ခုံရုံးများကို ဖျက်သိမ်းရန်။ ဥပဒေဘောင်အတွင်း အကျုံးဝင်သော ပြစ်မှုတစ်ခုဖြင့် တရားစွဲဆိုခံထားရသည့် အရပ်သားအားလုံးကို နိုင်ငံတကာတရားစီရင်မှု စံနှုန်းများနှင့်အညီ ပုံမှန်အရပ်ဘက်တရားရုံးများတွင်သာ တရားစွဲဆိုရန်။

•ရှေ့နေများ — အထူးသဖြင့် နိုင်ငံရေးတွင်ပါဝင်မှုကြောင့် တရားစွဲဆိုခံထားရသော အမှုများကို ကိုင်တွယ်ရသည့် ရှေ့နေများ — အား ထိပါးနှောင့်ယှက်ခြင်း၊ တိုက်ခိုက်ခြင်းနှင့် ဝင်ရောက်စွက်ဖက်ခြင်းအားလုံးကို အဆုံးသတ်ရန်။

•လူ့အခွင့်အရေးကို ငြိမ်းချမ်းစွာ ကာကွယ်သောကြောင့် ဖမ်းဆီးခံထားရသူ မည်သူမဆို စွဲချက်အားလုံး ရုပ်သိမ်းပေးရန် သို့မဟုတ် လွတ်ငြိမ်းချမ်းသာခွင့်နှင့် လွှတ်ပေးရန်။

•ဖမ်းဆီးခံထားရစဉ် ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော လူမဆန်စွာဆက်ဆံမှုများကို အဆုံးသတ်ရန် လိုအပ်သည့် အရေးယူမှုများကို လုပ်ဆောင်ရန်။

•အခြေခံလူ့အခွင့်အရေးကို ချိုးဖောက်သည့် တည်ဆဲဥပဒေများကို ဖျက်သိမ်းရန်။

•အာဏာသိမ်းပြီးနောက် ပြင်ဆင်ထားသည့် အခြေခံလူ့အခွင့်အရေးချိုးဖောက်သည့် ဥပဒေများနှင့် မူဝါဒများအား ရုပ်သိမ်းရန်။

•သေဒဏ်အပြစ်ပေးမှုအားလုံးကို အဆုံးသတ်ရန်။

- ရှေ့နေများ၏အခန်းကဏ္ဍဆိုင်ရာ ကုလသမဂ္ဂအခြေခံမူများကို လေးစားလိုက်နာခြင်း အပါအဝင် နိုင်ငံတကာဥပဒေအောက်တွင် ရှေ့နေများမှ တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်စေရန် သေချာအောင်လုပ်ဆောင်ရန်။

မြန်မာနိုင်ငံတွင် နောက်တက်လာမည့် အရပ်သားဒီမိုကရေစီအစိုးရတစ်ရပ်မှ ကတိကဝတ်ပြုသင့်သည်မှာ -

- မြန်မာနိုင်ငံ၏တရားစီရင်ရေးစနစ်ကို တရားမျှတသောစစ်ဆေးမှုရှိစေရန်၊ နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီစေရန် ဥပဒေပညာရှင်များ၊ သက်ဆိုင်ရာအရပ်ဘက်အဖွဲ့အစည်းများနှင့်တိုင်ပင်ကာ အခြေခံကျကျ ပြန်လည်ပြင်ဆင်ရန်။
- လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ အသင်းအဖွဲ့ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်များကို နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီစေရန် မြန်မာနိုင်ငံ၏ ပြစ်မှုဆိုင်ရာဥပဒေများကို ပြန်လည်ပြင်ဆင်ရန်။
- မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေး အားကောင်းလာစေရန် လွတ်လပ်သောတရားစီရင်ရေးနှင့် လူ့အခွင့်အရေး ယန္တရားများ အပါအဝင် အမျိုးသားအဆောက်အအုံများကို နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့်အညီ မြှင့်တင်ရန်။
- ပြည်သူနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (International Covenant on Civil and Political Rights)၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြား ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော သို့မဟုတ် လေးစားမှုကင်းမဲ့သော

ဆက်ဆံခြင်း သို့မဟုတ် ပြစ်ဒဏ်ပေးခြင်းကို ဆန့်ကျင်သည့် သဘောတူညီချက်နှင့် လူမျိုးရေးခွဲခြားဆက်ဆံမှုပုံစံအားလုံး ပပျောက်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း အပါအဝင် အဓိကကျသည့် နိုင်ငံတကာလူ့အခွင့်အရေးစာချုပ်များကို အတည်ပြုလက်မှတ်ရေးထိုးရန်။

ဥရောပသမဂ္ဂနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်းအပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် -

- ပြစ်မှုဆိုင်ရာစွဲချက်အားလုံးကို ရုပ်သိမ်းပေးရန်နှင့် အခြေခံအခွင့်အရေးများကို ကျင့်သုံးခြင်းကြောင့် ပြစ်ဒဏ်ကျခံနေရသူများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးရန်နှင့် ချက်ခြင်းလွှတ်ပေးရန် တောင်းဆိုသင့်သည်။
- ရှေ့နေများအား ညှင်းပန်းနှိပ်စက်ခြင်း၊ သေဒဏ်ပေးခြင်းနှင့် တရားမျှတသောစစ်ဆေးမှုမရရှိခြင်း အပါအဝင် ရာဇဝတ်မှုတရားစီရင်ရေးစနစ်အား အလွဲသုံးစားလုပ်မှုအားလုံးကို လူသိရှင်ကြား ရှုတ်ချသင့်သည်။
- လူ့အခွင့်အရေးပြင်းပြင်းထန်ထန် ချိုးဖောက်မှုများအတွက် တာဝန်ရှိသော စစ်တပ်နှင့်စစ်ကောင်စီ အကြီးအကဲများအား အားလုံးပူးပေါင်း၍ ပစ်မှတ်ထား ပိတ်ဆို့အရေးယူမှုများ ချမှတ်သင့်သည်။
- စစ်တပ်ကို အကျိုးပြုနေသည့် စစ်တပ်ပိုင်လုပ်ငန်းစုကြီးများနှင့် လက်ဝေခံလုပ်ငန်းများကို အစိုးရအားလုံးပူးပေါင်းပြီး ပစ်မှတ်ထားပိတ်ဆို့အရေးယူမှုများ ချမှတ်သင့်သည်။

- မြန်မာ၏အခြေအနေကို အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုခုံရုံးသို့ လွှဲပြောင်းပေးပြီး စစ်တပ်အား လက်နက်တင်ပို့ရောင်းချမှုအားလုံးကို တားမြစ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်များကို ဖိအားပေးသင့်သည်။
- အနာဂတ်တွင် တရားမျှတသည့် ပဏာမခြေလှမ်းများစတင်နိုင်ရန် လူ့အခွင့်အရေးစောင့်ကြည့်ရေးနှင့် အမှုများကို မှတ်တမ်းပြုစုရေး ဒေသခံအဖွဲ့များအား ပံ့ပိုးပေးရန်နှင့် ရှေ့နေများအတွက် အထောက်အကူပြုမည့်ကွန်ရက်ကို ထောက်ကူပေးသင့်သည်။

တရားသူကြီးများနှင့် ရှေ့နေများ၏ လွတ်လပ်ခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်များသို့ -

- အထူးတရားရုံးများနှင့် စစ်ခုံရုံးများ၏ အလွဲသုံးစားမှုများကို စုံစမ်းစစ်ဆေးရန်။
- ဥပဒေကျွမ်းကျင်ပညာရှင်များအပေါ် ဆက်လက်ဖြစ်ပွားနေသော တိုက်ခိုက်မှုများနှင့်ပတ်သက်သည့် စိုးရိမ်မှုများကို (ပုဂ္ဂလိကနှင့် လူသိရှင်ကြား) သိရှိလာအောင်မြှင့်တင်လုပ်ဆောင်ရန်။

အင်တာနေရှင်နယ် ဘား အဆိုစီရေးရှင်း (International Bar Association) နှင့် ရှေ့နေများ၏အသင်းများသို့ -

- ရှေ့နေများအား ထိပါးနှောင့်ယှက်မှု၊ လက်တုံ့ပြန်တိုက်ခိုက်မှု၊ မတရားဖမ်းဆီးချုပ်နှောင်မှုနှင့် စော်ကားမှုများ အပါအဝင် ဥပဒေကျွမ်းကျင်သူများ၏ လုပ်ငန်းများတွင် စစ်ကောင်စီမှဝင်ရောက်စွက်ဖက်ခြင်းနှင့်ပတ်သက်ပြီး စိုးရိမ်မှုများကို လူသိရှင်ကြား ထုတ်ဖော်ပြောဆိုရန်။